# သမတအိမ်တော်၊ ရန်ကုန်မြို့။

# ၁၉၅၀ ပြည့်နှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

**[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၂]။**

**၁၃၁၂ ခု၊ တော်သလင်းလဆုတ် ၃ ရက်။**

**(၁၉၅၀ ခု၊ စက်တဘာလ ၂၉ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

**၁၉၅၁ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။**

၁။ ။ ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းငွေကျပ် ၇၄,၅၅,၂၆,၀၀၀ (ဤအက်ဥပဒေ နောက်ဆက်တွဲဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၁ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

**၁၉၅၁ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက်ငွေချေးယူခြင်း။**

၂။ ။ (၁) ၁၉၅၁ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွင်းတွင် ငွေစုစုပေါင်း ကျပ် ၁၈,၀၂,၁၃,၀၀၀ ထက်မပိုသော ငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရငွေ ချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ မည်သူ့ထံမှ မဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ကလည်း၊ ထိုနှစ်အတွင်းတွင် ထိုငွေများကို ဘဏ္ဍာရေးဝန်ကြီးအား ထုတ်ချေးရမည်။ ထိုကဲ့သို့ငွေချေးသော ကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင် သည့် အတိုးနှုန်းများ သတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များထား၍၎င်း၊ အာမခံစာချုပ်များ ပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူရရှိသောငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့် အတိုးကို ၎င်း၊ ဤအာမခံစာချုပ်များထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ ကုန်ကျသည့် စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

## နောက်ဆက်တွဲဇယား။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| အကောက်တော်နှင့်နိုင်ငံတွင်း အကောက်တော် ... ... | ၂၇,၅၅,၀၀၀ |
| အမြတ်တော်ခွန် ... ... ... | ၁၁,၈၉,၀၀၀ |
| အစိုးရထီ ... ... ... ... | ၄,၃၆,၀၀၀ |
| မြေခွန်တော် ... ... ... ... | ၈၉,၉၈,၀၀၀ |
| ယစ်မျိုး ... ... ... ... | ၂၁,၈၅,၀၀၀ |
| တံဆိပ်တော်ခေါင်းများနှင့် မှတ်ပုံတင်မှု ... ... | ၃,၈၄,၀၀၀ |
| သစ်တော ... ... ... ... | ၆၆,၃၈,၀၀၀ |
| အခြားအခွန်တော်များနှင့်အကောက်တော်များ ... ... | ၈,၅၇,၀၀၀ |

| | | | | | |
|---|---|---|---|---|---|
| မီးရထား | ... | ... | ... | ... | ၆,၇၂,၂၁,၀၀၀ |
| ဆည်မြောင်းအစရှိသည့် လုပ်ငန်းများ | | ... | ... | ... | ၇၆,၃၃,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း | | ... | ... | ... | ၁,၅၇,၉၁,၀၀၀ |
| အတိုးနှင့်ကြွေးမြီ | | ... | ... | ... | ၃၈,၀၉,၀၀၀ |
| ပါလီမန် | ... | ... | ... | ... | ၅၂,၀၄,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | | ... | ... | ... | ၁,၇၈,၅၃,၀၀၀ |
| စာရင်းစစ် | ... | ... | ... | ... | ၂၇,၀၈,၀၀၀ |
| တရားရေး | ... | ... | ... | ... | ၇၁,၆၇,၀၀၀ |
| အကျဉ်းထောင်များ | | ... | ... | ... | ၈၃,၆၀,၀၀၀ |
| ရဲအဖွဲ့ | ... | ... | ... | ... | ၅,၈၆,၄၉,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များ | | ... | ... | ... | ၇၈,၂၂,၀၀၀ |
| ခရစ်ယာန်ဘာသာရေးနှင့် နိုင်ငံခြားရေး | | | ... | ... | ၃၉,၀၁,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ | | | ... | ... | ၁၇,၁၅,၀၀၀ |
| ပညာရေး | ... | ... | ... | ... | ၂,၉၃,၃၄,၀၀၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး | | | ... | ... | ၁,၆၈,၉၇,၀၀၀ |
| စိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမ ငွေစုငွေချေးလုပ်ငန်းနှင့် | | | | | ၅၃,၉၂,၀၀၀ |
| ငတ်မွတ်ခေါင်းပါးခြင်းကယ်ဆယ်ရေး | | | ... | ... | |
| စက်မှုလက်မှုအလုပ်အကိုင်များ | | ... | ... | ... | ၁၀,၆၆,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှု | | ... | ... | ... | ၁,၁၅,၈၉,၀၀၀ |
| အထွေထွေဌာနများ | | ... | ... | ... | ၃၀,၄၄,၀၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါးစသည်များနှင့်ဒင်္ဂါးသွန်းစက်ရုံ | | | ... | ... | ၁,၅၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | | ... | ... | ... | ၂,၈၂,၄၀,၀၀၀ |
| ပင်ရှင်လစာငွေများ | | ... | ... | ... | ၁,၅၇,၅၁,၀၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း | | ... | ... | ... | ၃၃,၉၆,၀၀၀ |
| အထွေထွေ | ... | ... | ... | ... | ၁,၀၃,၁၄,၀၀၀ |
| ကာကွယ်ရေး | ... | ... | ... | ... | ၁၃,၆၄,၇၇,၀၀၀ |
| ပြည်သူ့ထောက်ပံ့ရေး | | ... | ... | ... | ၇,၃၂,၃၄,၀၀၀ |
| လျှပ်စစ်ဓါတ်အားလုပ်ငန်း | | ... | ... | ... | ၃၄,၃၀,၀၀၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ | | | ... | ... | ၁,၇၅,၀၀,၀၀၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီတင်ရှိသည့်ကြွေးမြီတာဝန်များ | | | | ... | ၂၆,၂၅,၀၀၀ |
| ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန ဝန်ကြီးအသုံးပြုရန်သီးသန့်ရံပုံငွေ | | | | ... | ၃၀,၀၀,၀၀၀ |
| အထူးရငွေများမှ ကြီးပွါးရေးရံပုံငွေအတွက် ကုန်ကျစရိတ် | | | | ... | ၅၉,၀၀,၀၀၀ |

| | | |
|---|---|---|
| စီမံကိန်းအဖွဲ့များနှင့်မြန်မာနိုင်ငံတော်မီးရထားအဖွဲ့သို့ချေးငွေများ | ... | ၉,၄၇,၁၇,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးငွေများ ... ... ... | ... | ၅,၂၁,၉၅,၀၀၀ |
| ပေါင်း | ... | ၇၄,၅၅,၂၆,၀၀၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**စဝ်ရွှေသိုက်၊**
**နိုင်ငံတော်ယာယီသမတ၊**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်။**

**ရန်ကုန်မြို့၊ ၁၃၁၂ ခု၊ တော်သလင်းလဆုတ် ၃ ရက်။**
**(၁၉၅၀ ခု၊ စက်တင်ဘာလ ၂၉ ရက်။)**

**အမိန့်အရ၊**
**ခင်မောင်ဖြူ၊**
**နိုင်ငံတော်သမတအတွင်းဝန်။**
**[အမှတ် ၇၂]**